# ဒါလည်း ပြီးသွားမှာပါ (၂)

အရှင်ဉာဏိက




"This too shall pass away" ဆိုတဲ့ အမှတ်မထင် ကြားမိတဲ့ သီချင်းလေးကို အခြေခံကာ ဆောင်းပါးတစ်ပုဒ် ရေးဖြစ်တယ်။ ဖတ်ဖြစ်ကြတဲ့သူတချို့က အားမာန်ဖြစ်ဖွယ်စာ။ အချို့ကတော့ ဖြေဆည်ရာစာလို့ မှတ်ချက်ပေးကြပါတယ်။ ဒီအထဲမှာ ဘာရယ်လို့ အထူးမှတ်ချက် မပေးပဲ ဒီစာနဲ့ပတ်သက်ပြီး ဦးစွာပြန်ကြားလာသူက ဆန်ဖရန်စစ္စကိုမှာ နေထိုင်တဲ့ ဒေါ်မြင့်မြင့်သိန်း။ သူကပြောတယ်။ အရှင်ဘုရား နံပါတ် (၂) အဆက် ဆောင်းပါးရှိရင် ပို့ပေးပါဦး။ စာက ဖတ်ရတာ မဆုံးသလိုဖြစ်နေတယ်။ အရှင်ဘုရားဆီမှာ ဆက်စရာ ရှိနေဦးမယ်ထင်ပါတယ်လို့ ပြောလာပါတယ်။

ကိုယ်က ကိုယ်ပြောချင်တဲ့အကြောင်းကို ပြောပြီးပြီလို့ထင်လို့ ဒီလောက်နဲ့ ဆောင်းပါးကို အဆုံးသတ်ထားတာ။ ကိုယ့်ဆီမှာ ဘာမှဆက်ပြောစရာ မရှိတော့ဘူး။ ဒါကြောင့် ဒါပဲလေ။ ရှေ့ဆက်စရာ မရှိတော့ဘူးလို့ သူ့ကိုပြောဖြစ်တယ်။ မဟုတ်ပါဘူး။ အရှင်ဘုရား အရင်က ရေးနေကြမျိုး မဟုတ်ဘူး။ ဆောင်းပါးက တစ်ခုခု ကျန်နေသလို ခံစားရတယ်လို့ ပြောပါတယ်။ ကဲ ဟုတ်ပါပြီလေ။ ဆက်စရာပေါ်လာလို့ ဆက်ရေးဖြစ်တယ်ဆိုရင် ပို့ပေးပါ့မယ်လို့ပဲ သူ့ကိုပြောဖြစ်ခဲ့တယ်။ တကယ်တော့ ဆက်ရေးဖြစ်ဦးမယ်လို့ လုံးဝ မထင်ခဲ့ပါဘူး။

သူဖုန်းဆက်စဉ်က ကိုယ်က လမ်းမှာ၊ ကားပေါ်မှာ။ ဘဝတစ်ခုဆုံးသွားလို့ နောက်ဘဝသစ်ကို ကူးသွားလေတဲ့ မိခင်ကြီးအတွက် ကျန်ရစ်သူ မိသားစုက သက်ပျောက်ကုသိုလ်ပွဲပြုလုပ်ကြတာ ပင့်ဖိတ်လို့ သွားရောက်နေခိုက်။ အချိန်က နေဝင်ပျိုးပျ၊ နေရဲ့အလင်းက တဖြေးဖြေး မှုန်ရီကာ ကွယ်လို့ ညရဲ့အမှောင်စက ကမ္ဘာလောက အလှကို ကန့်လန့်ကာချဖို့ စတင် လုယက်ယူငင်လေတဲ့အချိန်။ မပီပိုးဝါး အလင်းရောင်အောက်မှာ ဆန်ဖရန်စစ္စကိုမြို့နဲ့ စက္ကရာမင်တိုကို ဆက်သွယ်ထားတဲ့ ဖရီးလမ်းမ အမှတ် (၈၀) ဘေးရှိ သစ်ပင်တန်းများ၊ လယ်ကွင်းများ၊ စိုက်ခင်းများနဲ့ ဟိုး အဝေးဆီရှိ တောင်တန်းများကတော့ အမြင်မှာ မှုန်ဝါးဝါး။ မသဲမကွဲ။ လယ်ကွင်းပြင်ကြားရှိ စက်ရုံများဆီမှာတော့ မီးရောင်အချို့ လင်းလက်နေလျက်။ ည ၈ နာရီတိတိမှာ အိမ်ကိုရောက်တယ်။

အိမ်ကိုရောက်တော့ ကျန်ရစ်တဲ့သမီးဖြစ်သူနဲ့ အကျိုးအကြောင်း အနည်းငယ်ပြောဖြစ်တယ်။ သူ့မိခင်ဖြစ်သူက အိပ်ရာမဝင်မီကပင် မြေးဖြစ်သူနဲ့ စကားပြောပြီး အတူဘုရားဝတ်ပြုနေခဲ့သေးတယ်ဆိုတဲ့အကြောင်း။ အလျင်ကလည်း ရောဂါအခံရှိတော့ မကြာမကြာမောတတ်ကြောင်း။ ခုန်နက်စောစောပိုင်းမှာ အိပ်ရာပေါ်မှာ မောလာလို့ အရေးပေါ် ဆေးရုံကားခေါ်ကာ ကုသခဲ့ပေမယ့် အသက်ကို မကယ်နိုင်တော့ကြောင်း သိရတယ်။ ဘဝတစ်ခုရဲ့

ဆုံးခန်းနိဂုမ်းက ဝမ်းနည်း လွမ်းမောဖွယ်။ ရှင်သန်ခြင်းကနေ သေဆုံးခြင်းဘက်ကို ပြောင်းလဲသွားဖို့က တကယ့်ကိုမှ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းမျှ။ နေ့မြင်ညပျောက် သဘောမို့ ဆုံးတယ်ဆိုတာ လက်သင့်မခံချင်သလိုဖြစ်ရတယ်။ ဆုံးလည်း မဆုံးစေချင်သေးဘူးလို့လည်း ပြောပါတယ်။

ဆုံးပြီထင်လို့ အဆုံးသတ်ခဲ့တဲ့ကိုယ့်စာကို မဆုံးသေးဘူး၊ မဆုံးစေချင်သေးဘူးလို့ ပြောလာတဲ့ စာဖတ်သူတစ်ဦး။ အသက်ကံ ကုန်လေသမို့ ဆုံးသွားလေတဲ့ သူတို့မိခင်ကို မဆုံးစေချင်သေးတဲ့ ကျန်ရစ်သူမိသားတစ်စု။ မဆုံးစေချင်သေးတဲ့ ဒီနှစ်ခုပေါင်းက ဆောင်းပါးကိုဆက်စရာ စာဖြစ်လာခဲ့ပြီလို့ တွေးမိခဲ့တယ်။ ဒီအတွေးနဲ့အတူ This too shall pass away-ဒါလည်း ပြီးသွားမှာပါ ဆိုတဲ့စကားလေး ဖြစ်ပေါ်ခဲ့တဲ့အကြောင်းရင်းနဲ့ ပတ်သက်တဲ့ အခြားပုံလေးတစ်ခုကိုလည်း ပြန်လည်လို့ အမှတ်ရမိပါတယ်။

ရှေးက ဆော်လမွန်ဘုရင်ကြီးက သူ့ရဲ့ အားအထားရဆုံး ပညာရှိအမတ် ဘင်နေးကို နည်းနည်းနှိမ်လိုတာရယ်၊ အပျော်သဘောရယ်နဲ့ မှော်လက်စွပ်တစ်ကွင်း ရှာဖွေဆက်သဖို့ မိန့်ပါတယ်။ ဒီလက်စွပ်ဟာ သာမန်လက်စွပ်မဟုတ်ပဲ ထူးဆန်းတဲ့ လျှို့ဝှက်စွမ်းအင်တစ်မျိုးရှိရမယ်။ ဒီစွမ်းအင်ကတော့ ဒီလက်စွပ်ကို ဝတ်ရတဲ့သူဟာ ပျော်ရွှင်နေသူဆိုလျှင် ဝမ်းနည်းသွားစေရမယ်။ ဝမ်းနည်းနေသူဆိုလျှင်လည်း ပျော်ရွှင်လာစေရမယ်။ ငါကိုယ်တော်မြတ် ဒီလက်စွပ်ကို လာမည့်ဆောင်းဦးရဲ့ ကောက်ရိတ်သိမ်းပွဲနဲ့အတူ ကျင်းပမယ့် ဝတ်ပြုဆုတောင်းပွဲတော်မှာ ဝတ်ဆင်လိုတယ်။ လက်စွပ်ရှာဖို့ သင့်ကို ခြောက်လ အချိန်ပေးမယ်လို့ အမိန့်တော်ရှိပါတယ်။

ဆော်လမွန်ဘုရင်ကြီးအနေနဲ့ ဒီလက်စွပ်မျိုး ကမ္ဘာပေါ်မှာ တကယ်မရှိနိုင်ဘူးဆိုတာတော့ သိပါတယ်။ သို့ပေမယ့် ဘင်နေးကတော့ မှန်လှပါ၊ တကယ်လို့သာ ဒီလက်စွပ်မျိုး အမှန်တကယ်ရှိတယ်ဆိုလျှင် မရ ရအောင်ရှာဖွေပြီး ဆက်သပါ့မယ်လို့ လျှောက်ထားခဲ့ပါတယ်။ ရှင်ဘုရင်ဆိုတော့လည်း မဖြစ်နိုင်ပါဘူးဆိုတဲ့စကားကို ကြားချင်မယ် မဟုတ်ဘူးဆိုတာ ဘင်နေးက သိလို့လည်းပဲ ဖြစ်မယ်ပေါ့လေ။

နွေဦးနဲ့ နွေရာသီ၊ ရာသီနှစ်ခု ပြောင်းသွားပေမယ့် ထူးဆန်းတဲ့စွမ်းအင်ရှိတဲ့ ဒီလပ်စွပ်ကို ဘယ်မှာသွားလို့ ရှာရပါ့မလဲလို့ စဉ်းစားမရနိုင်ပါဘူး။ ဒါနဲ့ စိတ်ပျက်ပျက်နဲ့ပဲ ဘုရားဖူးရာသီရဲ့ ဝတ်ပြုဆုတောင်းပွဲရောက်ဖို့ တစ်ရက်အလို ညဦးမှာ ဘင်နေးဟာ နန်းတော်တွင်းက ထွက်လာပြီး ဆင်းရဲသားများနေထိုင်ရာ ဂျေရုဆလင်မြို့တွင်း လျှောက်လာခဲ့ပါတယ်။

တစ်နေရာအရောက်မှာတော့ လမ်းဘေးဇရပ်အိုတစ်ခုမှာ တည်းခိုနေတဲ့ ကုန်သည်တစ်စုနဲ့ တွေ့တယ်။ ကုန်သည်များထဲက အဘိုးအိုတစ်ဦးဟာ ဖာထေးရာအထပ်ထပ်နဲ့ ကော်ဇောပေါ် သူ့မှာပါလာတဲ့ ပစ္စည်းဟောင်းတွေကို ရောင်းချဖို့ ခင်းကျင်းနေတာကိုတွေ့ပါတယ်။ မျှော်လင့်ချက် သိပ်မရှိလှပေမယ့် အဘိုးအိုဆီမှာများ သူရှာနေတဲ့ လက်စွပ်တွေ့နိုင်မလားရယ်ဆိုပြီး ဘင်နေးက အဘိုးအိုကို "အဘိုးရယ်၊ ဝတ်တဲ့သူကို ဝမ်းနည်းသူဝတ်ဆင်ရင် သူ့ရဲ့ ဝမ်းနည်းမှုတွေ ပျောက်ပြီး ပျော်ရွှင်လာစေနိုင်၊ ပျော်ရွှင်သူဝတ်မယ်ဆိုရင်တော့ သူ့ရဲ့ပျော်ရွှင်နေမှုတွေ ရုတ်တရက်ပျောက်ဆုံးပြီး ချက်ခြင်းပဲ ဝမ်းနည်းစေနိုင်တဲ့ လက်စွပ်များ အဘိုးဆီမှာ ရှိနိုင်မလား" လို့ မေးပါတယ်။

အဘိုးအိုက သူ့ကော်ဇောပေါ်ရှိ ပြောင်းရှင်းရှင်း သာမန်ရွှေလက်စွပ်တစ်ကွင်းကိုကောက်ယူကာ တစ်စုံတစ်ခုနဲ့ အသာရေးခြစ်ပြီး ဘင်နေးကို ပေးပါတယ်။ ဘင်နေးဟာ လက်စွပ်ကို သေသေချာချာကြည့်၊ လက်စွပ်ပေါ်က စာကိုလည်း ကျကျနန ဖတ်ပြီးတဲ့အခါမှာတော့ ဝမ်းနည်းမှုတွေပျောက်ကာ ဝမ်းသာလာလို့ သူ့မျက်နှာ တဖြေးဖြေးနဲ့ ပြုံးလာပါတယ်။ ထခုန်မတတ်ပင် ဝမ်းသာပီတိများလည်း ဖြစ်မိပါတယ်တဲ့။

ဝတ်ပြုဆုတောင်းပြုလုပ်မည့်နေ့မှာတော့ ဂျေရုစလင်တစ်မြို့လုံး နန်းရင်ပြင်ကို စုရုံးရောက်ရှိလာကြပါတယ်။ ရောက်လာတဲ့ ပရိတ်သတ်ကြီးအလယ်မှာ ဆော်လမွန်ဘုရင်ကြီးက"ဘယ်လိုလဲ အမတ်ကြီး ဘင်နေး၊ ငါကိုယ်တော် အရှာခိုင်းတော်မူတဲ့ လက်စွပ်ကို တွေ့ခဲ့ပြီလား" လို့ မေးပါတယ်။ မဖြစ်နိုင်တဲ့အရာကို အရှာခိုင်းတာမှန်း သိလို့ စုရုံးနေတဲ့ ပရိတ်သတ်ကြီးရော၊ မှူးကြီးမတ်ရာတွေရော၊ အားလုံးက ပြုံးစိစိနဲ့ဖြစ်နေကြပါတယ်။ ဘုရင်ကြီးကိုယ်တိုင်လည်း သူ့အမတ်ကြီးကို ဒီတစ်ချီတော့ဖြင့် အရှုံးလုပ်ခွင့်ရလေပြီဆိုတဲ့ အတွေးနဲ့ မျက်နှာမှာ အပြုံးရိပ် လွှမ်းလို့ပေ့ါ။

ဒါပေမယ့် ဘုရင်ကြီးနဲ့ ပရိတ်သတ်ကြီး မျှော်လင့်သလို ဖြစ်မလာပါဘူး။ ဘင်နေးက သူ့အိတ်ထဲမှာ သေသေချာချာ ထုပ်လာတဲ့ လက်စွပ်ကိုထုတ်ပြီး ဂုဏ်ယူဝင့်ကြွားစွာပဲ "မှန်လှပါ၊ အရှင်မင်းကြီး၊ အရှာခိုင်းတဲ့ လက်စွပ်ကို ဒီမှာ ရှုစားတော်မူပါ"ဆိုပြီး ထုတ်ပြပါတယ်။ ဆော်လမွန်ဘုရင်ကြီးလည်း လက်စွပ်ကို ဝတ်။ လက်စွပ်ပေါ်မှာ ရေးထိုးထားတဲ့ စာကို သေသေချာချာဖတ်ပြီးချိန်မှာတော့ သူ့မျက်နှာပေါ်က အပြုံးရိပ်များလည်း တဖြေးဖြေးနဲ့ ပျောက်ကွယ်သွားပါတော့တယ်။ လက်စွပ်ပေါ်မှာရေးထားတဲ့စာကတော့ ဟီဗရူးဘာသာနဲ့ စကားသုံးလုံးထဲပါ။ "gimel, zayin, yud" တဲ့။ အင်္ဂလိပ်လိုတော့ "This too shall pass away" ပေ့ါ။ မြန်မာလိုတော့ "ဒါလည်းပြီးသွားမှာပါ" ပေ့ါလေ။

စာကို ဖတ်ပြီးအခိုက်အတန့်မှာပဲ ဆော်လမွန်ဘုရင်ကြီးဟာ ကောင်းကောင်းနားလည်လိုက်ပါတယ်။ သူပိုင်ဆိုင်တယ်လို့ ယူဆထားတဲ့ သူ့တိုင်းပြည်ကြီးရယ်၊ သူ့ရဲ့ မောင်းမမိဿံ ခြွေရံသင်းပင်းတွေရယ်၊ စည်းစိမ်ဥစ္စာနဲ့ ကြီးမားလှတဲ့ တံခိုးအာဏာတွေရယ်။ သူဆည်းပူးလေ့လာထားတဲ့ အသိပညာတွေရယ်။ သူနဲ့စပ်ဆိုင်သမျှ သက်ရှိသက်မဲ့အရာအားလုံးဟာ သူ့ကို စွန့်ခွါသွားလိမ့်မယ်။ နောက်ဆုံးမတော့ သူ့ရဲ့ ကိုယ်ခန္ဓာသည်ပင်လျှင် မြေမှုန့်မျှသာ ကျန်ပေလိမ့်မယ်။ ဒါတွေအားလုံး ပြီးသွားမှာ။ ဒါလည်းပြီးသွားမှာပါဆိုတဲ့စကားလေးကို သဘောပေါက်သွားပါတယ်။

ခုလိုသဘောပေါက်နားလည်ပြီး အမတ်ကြီးဘင်နေးကို သူအလိုရှိတဲ့အရာကို ရအောင်ရှာဖွေနိုင်ပါပေတယ်လို့ ချီးမွမ်းထောမနာပြုကာ ဆုတော်လဒ်တော်များ ပေးကမ်း ချီးမြှင့်ပါတယ်တဲ့။ တိုင်းသူပြည်သားတွေအပေါ်မှာလည်း ရေးကထက်ပိုလို့ အကြင်နာထားကာ ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်သွားခဲ့ပါတယ်တဲ့။

ဒီပုံပြင်လေးနဲ့ ဒီ"ဒါလည်းပြီးသွားမှာပါ"ဆိုတဲ့ စကားလေးကို ဖတ်ရပြီးတဲ့နောက် ကိုယ့်စိတ်ထဲမှာလည်း ဆော်လမွန်ဘုရင်ကြီးလိုပဲ အသိတရားရသွားစေချင်တဲ့သူ တစ်ဦးကို မျှော်လင့်ကြည့်မိပါတယ်။ မျှော်လင့်မိရင်းပဲ အော်ဟိုက ဆော်လမွန်ဘုရင်ကြီး။ ပညာအမြော်အမြင်နဲ့ ပြည့်စုံတဲ့သူ။ကိုယ့်ကို ပညာပေးတဲ့အရာကိုလည်း ပညာပေးတဲ့ အရာပဲလို့ နားလည်ပြီး လေးစားအသိအမှတ်ပြုကာ ဆုလဒ်များတောင် ပေးနိုင်အောင် အသိဉာဏ်ကလည်း အဆင့်မြင့်သူ။

ငါမျှော်လင့်တဲ့သူက ဆော်လမွန်လိုမှ မဟုတ်တာ။ ပညာရှင်ကို လေးစားရကောင်းမှန်း မသိသလို၊ ပညာကိုလည်း တန်ဖိုးထားရကောင်းမှန်းမှ မသိတာ။ ဘယ်လိုလုပ် ဆော်လမွန်လို အသိမှန်ရနိုင်ပါ့မလဲ။ နားလည်နိုင်ပါ့မလဲရယ်လို့ မချင့်မရဲ တွေးမိပါတယ်။ ဒီထက်ပိုပြီး ကိုယ့်မျှော်လင့်မှုက ကိုယ့်ဆောင်းပါး ဆုံးပြီးပြီလို့ ထင်ခဲ့ပေမယ့် ခုလိုဆက်ရေးစရာ အကြောင်းပေါ်လာလို့ ဆက်ရေးဖြစ်တာမျိုးလို မျှော်လင့်စရာ မရှိတဲ့ကြားကပဲ တစ်ခုခု အကြောင်းက ဖေးမလို့ ကိုယ်မျှော်လင့်ထားသူမှာဆီမှာလည်း လက်စရာ အသိလေးတစ်ချက် ရှိလာများ ရှိလာနိုင်ဦးမလားလို့ နောက်ဆုံးမြက်ပင်တစ်ခုအနေ မျှော်လင့်နေမိသေးတယ်။

ဒါပေမယ့် တစ်ဖက်မှာလည်း မိခင်ဆုံးပေမယ့် မိခင်အသက် ဆက်ရှည်စေချင်သူ သားသမီးများရဲ့ မျှော်လင့်မှုမျိုးလို ဘယ်လိုမှ မဖြစ်နိုင်တဲ့ မျှော်လင့်မှုမျိုးပဲဖြစ်မှာပါဆိုတဲ့ အတွေးကလည်း ထပ်ချပ်မကွာ ကပ်ပါလျက်။ "တောင်းဆုလေးတစ်ခု ပြုဖို့ပင်လျှင် မရဲဝံ့အောင် နွမ်းလျနေချိန်မှာ" ဆိုတဲ့ ပထမဆောင်းပါးထဲမှာ ရေးခဲ့တဲ့ သီချင်းစာသားလေးလို အတွေးလေးတစ်ချက် လွတ်လွတ်လပ်လပ် တွေးမိဖို့ကိုပဲ ကိုယ့်မှာက မဝံ့မရဲဖြစ်နေမိပါလားလို့ နှိုင်းယှဉ်ကြည့်မိတာကြောင့် ဝမ်းနည်းမိခဲ့ရသေးတယ်။

မျှော်လင့်တာတွေ ဖြစ်လာသည်ဖြစ်စေ၊ မဖြစ်လာလျှင်လည်း နေပစေ။ ဒါလည်းပြီးသွားမှာပါဆိုတဲ့ စကားလေးကတော့ ကိုယ့်ကိုယ်ကို ပြန်လည်ဆင်ခြင်မိစေဖို့ အသိလေးတစ်ခုတော့ ပေးနိုင်ခဲ့တာ အမှန်။ တကယ်တော့ ဒို့တွေအားလုံးမှာ ကိုယ်ပိုင် ကံလက်စွပ်တွေကို အသီးသီးဝတ်ထားပြီးသားပါ။ ဒို့ပိုင်ဆိုင်တဲ့ လက်စွပ်ပေါ်မှာလည်း "ဒါလည်း ပြီးသွားမှာပါ" ဆိုတဲ့ စာတမ်းလေးကိုလည်း ထင်ထင်ရှားရှား ရေးထိုးပြီးသား။ ဒါပေမယ့် ဒို့တွေက ဒို့တွေရဲ့ လက်စွပ်ပေါ်က ဒီစာသားလေးကို မမြင်နိုင်ကြဘူးလေ။ မြင်လည်းပဲ မမြင်လိုကြဘူးလေ။ ဒို့တွေက ဒို့ပိုင်ဆိုင်တဲ့ အရာလေးကို စွန့်သွားရမှာ၊ ဒို့ရပ်တည်နေတဲ့ နေရာလေးကနေ ရွှေ့လျောသွားရမှာမျိုးကို လိုမှ မလိုလားကြတာ။ တကယ်တော့ ဒို့တွေက ဘယ်လိုပဲ မျက်ကွယ်ပြုကာ မမြင်ယောင်၊ မသိယောင်ဆောင်ကာထားထား။ ဒို့အားလုံးဟာ အချိန်တန်လျှင်ဖြင့် အသေအချာ ပြီးကို ပြီးသွားကြရမည့်သူတွေချည်းသာပါပဲလေ။ ။